**CHIN DEFENSE FORCE**
**Headquarters**

## CDF–Kanpetlet ၏
## (၇၄)နှစ်မြောက်ချင်းအမျိုးသားနေ့ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်

၁။ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ကျရောက်သော ချင်းအမျိုးသားနေ့သည် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးကြိုးပမ်းခြင်း၊ ချင်းပြည်၌ ဒီမိုကရေစီစနစ်ကို ရရှိရေးကြိုးပမ်းခြင်း၊ တောင်တန်းဒေသနှင့် ပြည်မပူးပေါင်းရေးကြိုးစားမှုတို့စတင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ထူထောင်ခဲ့ခြင်းဖြစ်၍ ယနေ့တွင်သမိုင်းဝင်နေ့ထူးနေ့မြတ်အဖြစ် (၇၄)နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။

၂။ ခေတ်အဆက်ဆက်၌ လွတ်လပ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ဒီမိုကရေစီရရှိရေးနှင့် တန်းတူညီမျှရေးတို့အတွက် အသက်စွန့်ကြိုးပမ်းခဲ့ကြသော သူရဲကောင်းကြီးများကို အစဉ်လေးစားစွာ အလေးပြုပါသည်။

၃။ ယနေ့တွင် အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီ၏ ပြည်သူလူထုအပေါ်ရက်စက်စွာ ဖမ်းဆီးညှင်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှုများကြောင့် ပြည်သူတစ်ရပ်လုံး အတိဒုက္ခရောက်ကြရသည်။ အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီနှင့် အာဏာရှင်မှန်သမျှတွန်းလှန်တိုက်ထုတ်ပြီး ချင်းအမျိုးသားပြည်ထောင် ထူထောင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် ကျွန်ုပ်တို့ CDF–Kanpetlet သည် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ များဖြင့် CNA/F, CDF, PDF များနှင့်အတူတိုက်ပွဲဝင်လျက်ရှိသည်။

၄။ သို့ရာတွင် နွေဦးတော်လှန်ရေးအောင်မြင်ပြီး ချင်းပြည်ထောင်ထူထောင်ရေး၊ သာယာဝပြောသောလူ့ဘောင်အဖွဲ့အစည်း တည်ဆောက်နိုင်ရေးတို့အတွက် ချင်းပြည်သူတစ်ရပ်လုံး(ပူးပေါင်း)လက်တွဲကာ တိုက်ပွဲဝင်ပေးကြပါရန် ယနေ့ကျရောက်သော(၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့မှတဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

CHIN DEFENSE FORCE

KANPETLET